## အိမ်ခြံမြေ ဝယ်ယူ/ရယူ/ လွှဲပြောင်းပြီး အမည်ပေါက် ပိုင်ဆိုင်နိုင်ရန် ဆောင်ရွက်ရမည့်အချက်များ

ပြည်တွင်းအခွန်များဦးစီးဌာနတွင်–

- ❖ အိမ်ခြံမြေကာလတန်ဖိုးသတ်မှတ်ခြင်း၊
- ❖ ဝယ်ယူခြင်းအတွက် စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေ ရှိ/မရှိ စစ်ဆေးမှုခံယူ၍ ဝင်ငွေခွန်ကျသင့်ပါက ဝင်ငွေခွန်ပေးဆောင်ခြင်း၊
- ❖ သတ်မှတ်တန်ဖိုးအပေါ်တွင် ကျသင့်တံဆိပ်ခေါင်းခွန် ထမ်းဆောင်ခြင်းတို့ကို ဆောင်ရွက်ရပါမည်။

### တင်ပြရန်လိုအပ်သည့် စာရွက်စာတမ်းများ

(၁) ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော် စည်ပင်သာယာနယ်နိမိတ်အတွင်းတည်ရှိသော အိမ်ခြံမြေဖြစ်ပါက အဆိုပါ စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနခွဲမှ တစ်နှစ်အတွင်းထုတ်ယူထားသော မြေပုံ၊ မြေရာဇဝင် ပုံစံ–၁၀၅၊ ပုံစံ–၁၀၆ မူရင်း/မိတ္တူ၊ ရန်ကုန်တိုင်းဒေသကြီး/ မန္တလေးတိုင်းဒေသကြီးနှင့်နေပြည်တော် စည်ပင်သာယာနယ်နိမိတ်ပြင်ပနှင့် ကျန်တိုင်းဒေသကြီး/ ပြည်နယ်များအတွင်းရှိ မြို့နယ်များဖြစ်ပါက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တစ်နှစ်အတွင်း ထုတ်ယူထားသော မြေပုံ၊ မြေရာဇဝင် ပုံစံ–၁၀၅၊ ပုံစံ–၁၀၆ မူရင်း/ မိတ္တူ၊

- ➤ ဂရန်မရရှိသေးသော ခွင့်ပြုချထားမြေဖြစ်ပါက
  - မြေကွက်ချထားပေးသည့်အမိန့် မူရင်း/ မိတ္တူ၊
  - သက်ဆိုင်ရာ မြေယာကော်မတီသို့ ပေးသွင်းသည့် မြေယာဖော်ထုတ်စရိတ်နှင့် မြေယာစီမံခန့်ခွဲမှုစရိတ် ပေးသွင်းသည့် ငွေသွင်းချလန် မူရင်းနှင့်မိတ္တူ၊

(၂) အောက်ပါတို့အနက် တစ်ခုခုကိုဆောင်ရွက်ခြင်းဖြစ်ပါက–

- ➤ **ဝယ်ယူခြင်း**
  ဝယ်ယူသူနှင့်ရောင်းချသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/ မိတ္တူနှင့် အိမ်ထောင်စုဇယားပုံစံ ၆၆/၆ မူရင်း/ မိတ္တူ၊
- ➤ **မေတ္တာဖြင့်ပေးကမ်းခြင်း**
  ပေးကမ်းသူနှင့် လက်ခံသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/ မိတ္တူနှင့် အိမ်ထောင်စုဇယားပုံစံ ၆၆/၆ မူရင်း/ မိတ္တူ၊
- ➤ **လဲလှယ်ခြင်း**
  လဲလှယ်သူနှစ်ဦး၏ နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/ မိတ္တူနှင့် အိမ်ထောင်စုဇယားပုံစံ ၆၆/၆ မူရင်း/ မိတ္တူ၊

(၃) ကိုယ်စားလှယ်ဖြင့်ဆောင်ရွက်ခြင်းဖြစ်ပါက ဝယ်ယူသူ/ ရောင်းချသူ/ ပေးကမ်းသူ/ လက်ခံသူ/ လဲလှယ်သူ တို့မှ လွှဲအပ်သော ကိုယ်စားလှယ်လွှဲစာနှင့် ကိုယ်စားလှယ်၏ နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/မိတ္တူနှင့် အိမ်ထောင်စုဇယား ပုံစံ ၆၆/၆ မူရင်း/မိတ္တူ၊

(၄) မြေကွက် သို့မဟုတ် မြေနှင့်အဆောက်အအုံ ဓာတ်ပုံ (ရှေ့၊ နောက်၊ ဘေး ၂ ဖက်)၊

(၅) မြေငှားစာချုပ်(ဂရန်) မူရင်း/မိတ္တူ၊

(၆) အရောင်းအဝယ်စာချုပ် သို့မဟုတ် မေတ္တာဖြင့်ပေးကမ်းခြင်း စာချုပ် သို့မဟုတ် လဲလှယ်သည့်စာချုပ် မူရင်း/ မိတ္တူ၊

(၇) မေတ္တာဖြင့်ပေးကမ်းခြင်းဖြစ်လျှင် ပေးကမ်းသူ၏ အမွေဆက်ခံသူများရှိပါက ပေးကမ်းမှုကို သိရှိပါကြောင်းနှင့် ၎င်းတို့ပိုင်ဆိုင်မှုများကို စွန့်လွှတ်ကြောင်း ကျမ်းကျိန်လွှာနှင့် ပေးကမ်းခြင်း မမြောက်သည့် အကြောင်းပေါ်ပေါက်က နိုင်ငံတော်၏အခွန်ငွေများ နစ်နာဆုံးရှုံးမှုမရှိစေရန် ခံဝန်တင်သွင်းသည့်စာချုပ်၊



တန်ဖိုးကိုစိစစ်သတ်မှတ်ခြင်း

- ❖ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀–၄–၂၀၁၇ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၀/၂၀၁၇ ဖြင့် ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့ကို ဖွဲ့စည်းထားသည်။
- ❖ ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့မှ–
  လယ်ယာမြေမှအပ ကျန်မြေနှင့်အဆောက်အအုံများဝယ်ယူခြင်း၊ ရောင်းချခြင်း၊ တည်ဆောက်ခြင်း၊ မေတ္တာဖြင့်ပေးကမ်းခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ မြေနှင့် အဆောက်အအုံကို ကာလတန်ဖိုးစိစစ်သတ်မှတ်ပေးမည် ဖြစ်ပါသည်။
- ❖ ကာလတန်ဖိုးစိစစ်သတ်မှတ်ခံယူပြီးတစ်နှစ်အတွင်း အခွန်စည်းကြပ်မှုခံယူရန်ပျက်ကွက်ပါက ကာလတန်ဖိုးစိစစ်သတ်မှတ်ချက်ကို ပယ်ဖျက်သွားမည်ဖြစ်ပါသည်။ တစ်နှစ်ကျော်မှ အခွန်စည်းကြပ်မှုခံယူမည်ဆိုပါက လက်ရှိကာလတန်ဖိုးပေါက်ဈေးဖြင့် ပြန်လည်တန်ဖိုးသတ်မှတ်သွားမည် ဖြစ်ပါသည်။
- ❖ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်များအနေဖြင့် တိုင်းဒေသကြီး ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့ကလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်ပြင်ပရှိ မြို့နယ်များ၊ နေပြည်တော်ကောင်စီနယ်မြေနှင့် ကျန်တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ မြို့နယ်များဖြစ်ပါက မြို့နယ်ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့ကလည်းကောင်း ကာလတန်ဖိုးစိစစ်သတ်မှတ်ပေးပါသည်။



## ပေးဆောင်ရမည့်အခွန်တွက်ချက်ခြင်း

အိမ်ခြံမြေဝယ်ယူသူအနေဖြင့် ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့က သတ်မှတ်သည့် ဝယ်ယူတန်ဖိုးအပေါ် မိမိအနေဖြင့် တင်ပြနိုင်သည့် ဝင်ငွေရလမ်း အထောက်အထားများတင်ပြပြီး ဝင်ငွေခွန်ရှင်းလင်း ပေးဆောင်ရန်လိုအပ်ပါသည်။ ဝင်ငွေရလမ်းတင်ပြနိုင်ခြင်းမရှိပါက (နှစ်စဉ်ပြဋ္ဌာန်းသည့်ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၂၅ ပုဒ်မခွဲ (က) ပါနှုန်းထားများအတိုင်း ပေးဆောင်ရမည်ဖြစ်ပါသည်။)

- ❖ မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ မည်သည့်မြို့နယ်တွင်တည်ရှိသည့် အိမ်၊ မြေ၊ အဆောင်အအုံကို ဝယ်ယူသည်ဖြစ်စေ၊ လဲလှယ်သည်ဖြစ်စေ သတ်မှတ်သည့်ကာလတန်ဖိုးအပေါ်တွင် တံဆိပ်ခေါင်းခွန် ၂ ရာခိုင်နှုန်း အပြင် အပိုတံဆိပ်ခေါင်းခွန် ၂ ရာခိုင်နှုန်း၊ စုစုပေါင်း ၄ ရာခိုင်နှုန်းကို ပေးဆောင်ရပါမည်။
- ❖ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးက တွက်ချက်ထုတ်ပေးသည့် ဝင်ငွေခွန် နှင့် တံဆိပ်ခေါင်းခွန် ငွေသွင်းချလန်တို့ဖြင့် သက်ဆိုင်ရာမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်တွင် ပေးဆောင်ရပါမည်။
- ❖ မြန်မာ့စီးပွားရေးဘဏ်သို့ ငွေပေးသွင်းပြီးသည့် ဝင်ငွေခွန်ချလန်နှင့် တံဆိပ်ခေါင်းခွန်ချလန်ဖြတ်ပိုင်း မူရင်း/မိတ္တူ အား မြို့နယ်အခွန်ဦးစီး ဌာနမှူးရုံးတွင်ပြသ၍ စာချုပ်ချုပ်ဆိုရန် တံဆိပ်ခေါင်းများ ထုတ်ယူ ရပါမည်။ (မေတ္တာဖြင့် ပေးကမ်းခြင်းဖြစ်ပါက ဝင်ငွေခွန်ပေးဆောင်ရန် မလိုပါ။)

> မိမိဝယ်ယူ/ရယူသည့် အိမ်ခြံမြေတည်ရှိရာ မြို့နယ်အခွန်ဦးစီး ဌာနမှူးရုံးတွင် သတ်မှတ်စံနှုန်းများအား ကြော်ငြာသင်ပုန်းတွင် ဖော်ပြထားပါသည်။ ရပ်ကွက်အလိုက်၊ လမ်းအလိုက် စံနှုန်းများ၊ အဆောက်အအုံပါရှိခြင်းအတွက် အဆောက်အအုံအမျိုးအစား အလိုက် သတ်မှတ်သည့်စံနှုန်းများ (တစ်ပေလျှင် မည်မျှကုန်ကျ မည် တွက်ချက်သည့် PAE နှုန်း) တို့ကို ဖတ်ရှုပြီး တွက်ချက် နိုင်ပါသည်။

- ❖ အိမ်ခြံမြေကို ဝယ်ယူ/ ရယူသူများအနေဖြင့် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေပုဒ်မ ၃၁ အရ ဝင်ငွေခွန်စည်းကြပ်မှု အကြောင်းကြားစာ ပုံစံ ပတခ(ဝင)-၀၄-၀၈ နှင့်အတူ မြန်မာ့စီးပွားရေးဘဏ်တွင် ပေးဆောင် ပြီးသည့် ကျသင့်ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန် ချလန်ဖြတ်ပိုင်း မူရင်းများ၊ တံဆိပ်ခေါင်းခွန်အပြည့်အဝကပ်နှိပ်ထမ်းဆောင်ထားသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေး တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်များ ဖြစ်ပါက စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့လည်းကောင်း၊ ရန်ကုန်တိုင်း ဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ် ပြင်ပရှိမြို့နယ်များ၊ နေပြည်တော်ကောင်စီနယ်မြေနှင့် ကျန်တိုင်း ဒေသကြီး/ ပြည်နယ်အတွင်းရှိ မြို့နယ်များဖြစ်ပါက မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးရုံးများသို့ သွားရောက်မှတ်ပုံတင်ရမည် ဖြစ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

> **အသေးစိတ်သိရှိလိုပါက** အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး(ရန်ကုန်) အမှတ်၁၂၈/၁၃၂ (ဒုတိယထပ်နှင့်တတိယထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၈-၃၈၉၃၁၁၊ ဖုန်း-၀၁-၈-၃၈၉၃၂၂၊ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး)၊ ၆၅လမ်း၊ ၂၂ x ၂၃ လမ်းကြား၊ ဖုန်း-၀၂-၄၀၃၀၁၉၂၊ ဖုန်း-၀၂-၄၀၃၀၆၃၈၊ ဖုန်း-၀၂-၄၀၃၀၆၃၉ **သို့မဟုတ်** အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်)၊ ဖုန်း-၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄ သို့မဟုတ် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။ ပြည်တွင်း အခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov. mm သို့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး လိုအပ်သည့်ဥပဒေ၊ နည်းဥပဒေ၊ အမိန့် ကြော်ငြာစာ၊ လက်ကမ်းစာစောင်နှင့် ပုံစံများကိုလည်း download ရယူနိုင်ပါသည်။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## အိမ်ခြံမြေဝယ်ယူ/ ရယူ/ လွှဲပြောင်းပြီး အမည်ပေါက် ပိုင်ဆိုင်နိုင်ရန် ဆောင်ရွက်ရမည့် အချက်များ




Internal Revenue Department
Office Building No.(46), Nay Pyi Taw
https//www.ird.gov.mm